Myanmar Garment Manufacturers Association
# NEWSLETTER
MARCH 2023, ISSUE




## မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၉ ရက်က UMFCCI မင်္ဂလာခန်းမ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA ၏ ဥက္ကဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ၏ ဒုတိယ ဥက္ကဌ ဦးဆန်းလင်းမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် MGMA ၏အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ၂၀၂၁-၂၀၂၂ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ နှင့် ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်များ၏နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူခဲ့ပြီး MGMA ၏ ဥက္ကဌ ဦးမြင့်စိုးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

စာ - ၂

---

## MGMA နှင့် ဘင်္ဂလားဒေ့ရှ်သံရုံး တို့၏ အထည်ချုပ်ကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ခြင်း အစည်းအဝေး

“အစည်းအဝေးတွင် MGMA နှင့် ဘင်္ဂလားဒေ့ရှ်သံရုံး တို့မှ တာဝန်ရှိလူကြီးမင်းများမှ အထည်ချုပ်လုပ်သားအင်အားကြီးမားသည့်နှစ်နိုင်ငံကြား အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထည်ချုပ်လုပ်ငန်း ဖလှယ်ရေးနှင့် လုပ်ငန်းအခွင့်အလမ်းသစ်များ ရှာဖွေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံမှ အထည်ချုပ်လုပ်ငန်းရှင်များအသင်းများအချင်းချင်း ဆွေးနွေးဖလှယ်ရန်အတွက် Study Tour များစီစဉ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။”



စာ - ၉

# မာတိကာ

## Activities and News | Page


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး... ၂-၃-၄

Statement of Current situation in Myanmar Garment Industry ............................................ ၅-၆

"Interpreters' skill enhancement program in foreign investment garment factories" သင်တန်းဖွင့်ပွဲအခမ်းအနား........................................................................................................................ ၇-၈

MGMA နှင့် ဘင်္ဂလားဒေ့ရှ်သံရုံး တို့၏ အထည်ချုပ်ကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ခြင်း အစည်းအဝေး............ ၉

Apparel Sourcing in Paris Messe Frankfurt အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး.............................. ၁၀

မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ.................................... ၁၁

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး.................................................................................... ၁၂

စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၂-၁၃) ....................................................................................................................................... ၁၃

Industrial Engineering Training (Batch – 75) ................................................................................. ၁၄-၁၅

အခြေခံမော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် -၂၁၆) .......................................................................... ၁၆

MGMA ၏ Piloted အသင်းဝင်စက်ရုံသို့ Covid Test Kit များပေးအပ်.................................................. ၁၇

အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ................... ၁၈


## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | "Week of SCO Textile Traditions" | April 1-15 | Dilli Haat, New Delhi |
| 2. | Exchange meeting of high value added garments with delegates business advisor of India | TBC | TBC |

## Membership Update


New Members in March 2023 ............................................................... ၁၉

Membership update as of March 2023 ...................................................... ၁၉

# မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး




Vice - chairman of UMFCCI, Chairman, Vice Chairmen, Secretary General and CEC-EC members of MGMA

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ သတ္တမအကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၉ ရက်က UMFCCI မင်္ဂလာခန်းမ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး UMFCCI ၏ ဒုတိယ ဥက္ကဋ္ဌ ဦးဆန်းလင်းမှ အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် MGMA ၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်မှ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ၂၀၂၁-၂၀၂၂ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာ နှင့် ၂၀၂၀-၂၀၂၁၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်များ၏နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူခဲ့ပြီး MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုးမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။




Vice – Chairman of UMFCCI U San Lin giving opening remark




Chairman of MGMA U Myint Soe delivering welcome speech

အစည်းအဝေးသို့ UMFCCI ၏ နာယကနှင့် ဒုတိယဥက္ကဌ၊ MGMA ၏ ဥက္ကဌ၊ ဒုတိယဥက္ကဌများ၊ အထွေထွေအတွင်းရေးမှူးနှင့်အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင် အဖွဲ့ဝင်များ၊ အဖွဲ့ဝင်စက်ရုံများမှ စက်ရုံပိုင်ရှင်များနှင့် ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။ ထို့နောက် အဖွဲ့လိုက်စုပေါင်း အမှတ်တရ ဓာတ်ပုံများရိုက်ကူးပြီး အဖွဲ့ဝင်စက်ရုံများ၏ ထုန်ကုန်ပစ္စည်းများကို အချင်းချင်းဖလှယ်ကာ အခမ်းအနား ကိုအဆုံးသတ်ခဲ့သည်။




**Secretary General of MGMA Daw Khine Khine Nwe presenting MGMA Annual Report**



**Guests**



**MGMA CEC/ECs and UMFCCI Patron**



**Guests**




Chairman, Vice Chairmen, Secretary General, CEC-EC members of MGMA and MGMA office team



Exchange factories product



Registration



Registration



Registration

## Statement of Current situation in Myanmar Garment Industry

Myanmar garment manufacturers association established on 2002 and service oriented and leading local non-government association. Many areas of supporting to investment opportunities of international sourcing in Myanmar, skill development in soft skill and vocational training, working on compliance in Labour issues, environmental and occupational health and safety at workplace.

Myanmar's apparel industry is labor intensive industry and small compared with our neighbors in Bangladesh, China and Thailand. There are opportunities for sourcing international brands with international investors and retailers discover the attractive features of our industry. CMP factories (Cut, Make, Pack) are growing in garment sector that exports revenues are increasing significantly each year since on 2016.

## Outlook to Members, secure jobs and investment opportunities

MGMA is growing members 797 factories are gradually increased and actively operated factories are 543 factories, collected survey data until February 2023. There are 1-6 factories new members were registered in MGMA in each month mostly since on year 2022-2023. Workers' job guaranteed about 550,000 in 2019 and 32% were reduced due to the double crisis in 2020-21. Those members' factories provide jobs and livelihoods for approximately 460,000 workers currently and many families depend on their jobs provide in factories.

Investment opportunities in Myanmar garment industry are existing currently as mainly China including Taiwan & Hong Kong (61%) , Korea (11%), Japan (4%), local investment (15%)and others (9%) were export to the destination of EU (Germany, Spain, Poland, Netherland) 56%, Korea - 6%, USA - 14%, UK- 8% and Japan- 16% up to September 2022 based on garment report of Comtrade survey.

## Sourcing International brands in garment industry

International brands were sourcing in Myanmar garment industry of mainly H&M, Primark, , Best seller and other brands are placing order in high capacity until 2019. After the doucble crisis of 2020-21, Primark confirmed that it will be making a "responsible exit" with regards to sourcing from Myanmar, following a damning report of ETI, 30,000 workers lost their jobs forecast on December 2023.

Bestseller is monitored to place the new order base on considering of statement from trade unions. other brands are still working especially order placing from Japan and Korea are high demand.

Some brands such as M&S, Primark, C&A and Tesco – have either stopped sourcing or announced their intention to do so. However, there are about 80 brands buying clothing from Myanmar, the majority of H&M, Bestseller, Adidas and Zara have until now said they have no immediate plans to stop.

Based on this issues and consideration, members factories are worried on paused the production and lose the job guaranteed to their workers. MGMA have surveyed to members' factories based on workers' perspective and employers' perspective facing on double crisis in 2020-2021, which have posted in MGMA website and refer to read in News and Event, under https://www.myanmargarments.org/report-of-assessment-survey-on-myanmar-garment-industry-2021/

## Labour issues and activities for Industrial relation

Voluntary Labor Compliance Assessment (VLCA) is a labor standards assessment tool made by collaboration between Myanmar Garment Manufacturers Association (MGMA) and Bureau for Employers' Activities (ACT/EMP) which is specialized unit within ILO Secretariat. VLCA is a tool which can provide an in-depth look at the company's performance against national labor laws and international labor standards. MGMA is assisting and monitoring the member factories with complying national Labour law using this tool.

Voluntary Labor Compliance Assessment program was developed in 2019 and officially launched on 17$^{th}$ Feb 2020 by MGMA to all its member factories and it has been a valuable service of the association since then.

The association has been conducting VLCA on-site assessments starting from December 2021 and 51 member factories were conducted since then as of March, 2023.

In effort to speed up the assessment, the association launch VLCA Online on 10$^{th}$ November 2022 and 65 member factories answered the questionnaire of VLCA Online.

The overview results of VLCA On-site or Online Assessment can be seen the following links:

https://sites.google.com/view/mgmavlca/vlca-records/vlca-records-2022

https://sites.google.com/view/mgmavlca/vlca-records/vlca-records-2023-1stq

**Training and Awareness**

MGMA has been giving "**Applied Labour Law in Manufacturing Factory**" to all member factories at the association's training center, MGHRDC (Myanmar Garment Human Resource Development Center). The training is compulsory for member factories to attend and, tailor-made to promote applied Labour law provision especially for manufacturing industries and industrial relations in the workplace. The association organizes two times of one day training in a month and, two participants of HR and production departments from at least 15 member factories are invited to one training.

The training was started in August 2022 and, 13 batches has been conducted since then. Total 347 participants from 188 member factories attended the training.

# “Interpreters' skill enhancement program in foreign investment garment factories” သင်တန်း ဖွင့်ပွဲအခမ်းအနား

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့ ပူးပေါင်းပြီး ဖွင့်လှစ်သည့် “Interpreters' skill enhancement program in foreign investment garment factories” သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်က မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



အဆိုပါသင်တန်းအား တရုတ်စကားပြန်များ၏ ကျွမ်းကျင်မှုကိုမြှင့်တင်ရန်နှင့် မြန်မာ့လုပ်ငန်းခွင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကို လေးစားလိုက်နာနိုင်ရန် နှင့် လုပ်ငန်းခွင်ယဉ်ကျေးမှုများဖလှယ်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်မှ သင်တန်းနှင့် ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပါမောက္ခချုပ်မှ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ တာဝန်ရှိသူများအားတစ်ဦးချင်းမိတ်ဆက်ပေးခဲ့ပြီး Chinese Textile & Garment Association in Myanmar (CTGA) မှ Mr. San Khun က အမှတ်တရကျေးဇူးတင်စကားပြောကြားခဲ့သည်။



Secretary General of MGMA Daw Khine Khine Nwe giving opening remark



Chairman, Vice-Chairman, CEC-EC of MGMA, Members of CTGA

သင်တန်းကာလမှာ ၂ လ ကြာမြင့်မည်ဖြစ်ပြီး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ အတွေ့အကြုံရှိ ဆရာမ များမှ သင်ကြားပေးသွားမည်ဖြစ်သည်။ အခမ်းအနားသို့ MGMA မှ ဥက္ကဌ၊ ဒုတိယ ဥက္ကဌ၊ အထွေထွေ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် YUFL မှ ပါမောက္ခချုပ် နှင့် တာဝန်ရှိလူကြီးမင်းများ၊ အဖွဲ့ဝင်စက်ရုံများမှ တရုတ်စကားပြန် (၁၆) ဦး တို့တက်ရောက်ခဲ့ကြသည်။



Rector of YUFL U Kyi Shwin introducing delegates from YUFL



Mr.San Khun from CTGA giving thank you remark



Trainer from YUFL presenting interpreters' skill



Guests and Participants

# MGMA နှင့် ဘင်္ဂလားဒေ့ရှ်သံရုံး တို့၏ အထည်ချုပ်ကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ခြင်း အစည်းအဝေး



မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်း နှင့် ဘင်္ဂလားဒေ့ရှ်သံရုံး တို့၏ အထည်ချုပ်ကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ခြင်း အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက် တွင် MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA နှင့် ဘင်္ဂလားဒေ့ရှ်သံရုံးတို့မှ တာဝန်ရှိလူကြီးမင်းများမှ အထည်ချုပ်လုပ်သား အင်အားကြီးမားသည့် နှစ်နိုင်ငံကြား အထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များဖလှယ်ရေးနှင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းသစ်များ ရှာဖွေရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံမှ အထည်ချုပ်လုပ်ငန်းရှင်များအသင်းများအချင်းချင်း ဆွေးနွေးဖလှယ်ရန်အတွက် Study Tour များစီစဉ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင် နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ဘင်္ဂလားဒေ့ရှ်သံရုံးမှ စီးပွားရေးအကြံပေး နှင့် ကိုယ်စားလှယ် (၃) ဦး တက်ရောက်ခဲ့သည်။





# Apparel Sourcing in Paris Messe Frankfurt

# အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေး



Messe Frankfurt မှ ကြီးမှူးကျင်းပမည့် Apparel Sourcing in Paris နှင့်ပတ်သက်သည့် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၁ ရက်တွင် MGMA အစည်းအဝေးခန်း၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် MGMA မှတာဝန်ရှိလူကြီးမင်းများ နှင့် Messe Frankfurt in Paris မှ ပွဲစီစဉ်သူများမှ အနာဂတ်တွင် Myanmar Pavilion အနေဖြင့် နိုင်ငံတကာ အဝတ်အထည်အရင်းအမြစ် ပလက်ဖောင်းတစ်ခုဖြစ်သည့် ဥရောပဈေးကွက်တွင် ရေရှည်ရပ်တည်နိုင်စေရန်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အဖွဲ့အစည်းဆိုင်ရာအသင်းများအဖြစ်ပါဝင်မည်ဖြစ်ပြီး MGMA မှအဖွဲ့ဝင်များသည် ၎င်းတို့၏ထုတ်ကုန်များကို နိုင်ငံတကာဝယ်လက်များထံ ဖြန့်ဖြူးရောင်းချနိုင်စေရန် Myanmar Pavilion တွင် ပြပွဲပြသသူများအဖြစ် ပါဝင်ရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA မှ ဥက္ကဌ နှင့် ဗဟိုအလုပ်အမှုဆောင်/အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် Messe Frankfurt in Paris မှ စီစဉ်သူများ တက်ရောက်ခဲ့ကြသည်။



# မြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



Chinese Textile & Garment Association in Myanmar (CTGA) မှဦးဆောင်ကာ မြန်မာနိုင်ငံရှိ နိုင်ငံခြားအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့်အတူမြန်မာနိုင်ငံအထည်ချုပ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၅ ရက်က Four Seasons Seafood Restaurant ၌ပြုလုပ်ခဲ့သည်။

ညစာစားပွဲသို့ မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းအသင်းများဖြစ်သော မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA), Myanmar Garment Manufacturers Association (MGMA), Japan Garment Manufacturers Association (JGMA) နှင့် Korea Garment Association in Myanmar (KOGAM) တို့မှဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အထည်ချုပ်ကဏ္ဍ၏ လတ်တလော အခြေအနေနှင့် စိန်ခေါ်မှုများအကြောင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်က MGMA အစည်းအဝေးခန်း ၌ပြုလုပ်ခဲ့သည်။

အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ သဘာပတိအဖြစ် ဦးဆောင်စတင်ခဲ့ပြီး အလုပ်အမှုဆောင်များမှ နိုင်ငံတကာရှိ အထည်အလိပ်ပြပွဲများတွင် ဝယ်လက်များနှင့်တွေ့ဆုံဆွေးနွေးရန်ကိစ္စရပ်များ ၊ အသင်းအနေဖြင့် Made in Myanmar အား ဥရောပဈေးကွက်၏ပလက်ဖောင်းတစ်ခုတွင် Myanmar Pavilion အဖြစ်ပါဝင်ပြသသင့်ကြောင်း၊ CMP ကြီးကြပ်ရေးကော်မတီနှင့် အသင်းမှလိုက်ပါ၍ စက်ရုံများသို့ကွင်းဆင်းစစ်ဆေးခြင်းများ၊ စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ၊ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်ရေး ကိစ္စရပ်များ၊ အသင်းသားများ Networking တွေ့ဆုံခြင်းနှင့် MGMA ၏ (၂၀) နှစ်မြောက်အထိမ်းအမှတ်အခမ်းအနားကို ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။



အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း

# (Compulsory Training) အမှတ်စဉ် (၁၂-၁၃)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၁၂-၁၃) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နှင့် ၂၂ ရက် များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 12 Group Photo



Discussion Session



Labour Officer presenting Labour Law Awareness



Batch – 13 Group Photo

အဆိုပါသင်တန်းသည် MGMA ၏ စည်းမျဉ်းစည်းကမ်းများအရ မဖြစ်မနေတက်ရောက်သင့်သည့်သင်တန်း ဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန်ရည်ရွယ် ပြုလုပ်ခြင်းဖြစ်သည်။

သင်တန်းတွင် MGMA ၏ Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကိုဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။

သင်တန်းသို့ အသင်းဝင်စက်ရုံ (၃၂) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၅၈) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကို လစဉ်ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။

# Industrial Engineering Training (Batch – 75)



Industrial Engineering Batch – 75 Group Photo



Executive Committee of MGMA U Ye Khant giving closing remarks

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများအတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၇၅) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်မှ ၂၄ ရက်နေ့ထိ (၁၁ ရက်ကြာ) မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းကိုအထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင် စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှသင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့်သင်ကြားပေးခဲ့သည်။ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Thiri Sandar Garment & General Trading Co-op Society Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည်ပြုလုပ်ခဲ့သည်။



Awarding Certificate

သင်တန်းပြီးဆုံးကြောင်းနှုတ်ဆက်အမှာစကားကို MGMA ၏အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးရဲခန့်မှ ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၂) ယောက် တက်ရောက်ခဲ့သည်။



Trainer from MGHRDC lecturing Industrial Engineering



Group Presentation



Group Presentation



Factory Practice Information preparation



Factory Practice at Thiri Sandar Garment



Awarding Certificate

# အခြေခံမော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် -၂၁၆)



Group Photo

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၁၆) ကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်မှ မတ်လ ၃ ရက်နေ့ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၄) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။



Trainer from MGHRDC lecturing sewing method



MGMA conducting the awareness of labour law



Practice Session



Trainer from MGHRDC lecturing sewing method

# MGMA ၏ Piloted အသင်းဝင်စက်ရုံသို့ Covid Test Kit များပေးအပ်



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ CSR အစီအစဉ်တစ်ခုအဖြစ် MGMA ၏ Piloted အသင်းဝင်စက်ရုံသို့ Covid Test Kit များ ၂၀၂၃ ခုနှစ်၊ မတ်လ ၁၄ ရက်တွင် LIFT Myanmar ၏ပံ့ပိုးကူညီမှုဖြင့် သွားရောက်ပေးအပ်ခဲ့သည်။

Covid Test Kit အသုံးပြုပုံအား MGMA ၏ Project Officer မှ ရှင်းလင်းပြသခဲ့ပြီး စက်ရုံမှ အထည်ချုပ်လုပ်သားများအား လက်တွေ့ပြန်လည်ပြုလုပ်စေခဲ့သည်။ ထိုသို့လက်တွေ့ပြုလုပ်စေခြင်းသည် တခြားသော လုပ်သားများအားပြန်လည်ဝေမျှနိုင်စေရန်ဖြစ်သည်။ အထည်ချုပ်လုပ်သား အယောက် (၃၀၀) အား Covid test kit များဝေမျှပေးခဲ့ပြီး ယခုအချိန်ထိ Covid test kit (၁၀၀၀) ခန့် Piloted Factory သို့ဝေမျှခဲ့ပြီးဖြစ်သည်။



MD of MGMA Daw Aye Mi Shein giving opening remark



Distributing Covid test kit



MD of MGMA Daw Aye Mi Shein giving opening remark



Worker practicing covid test kit



Project officer of MGMA Demonstration how to use covid test kit




Worker practicing covid test kit

# အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ မတ်လတွင် အသင်းဝင်စက်ရုံ (၃) ရုံကို သွားရောက် အကဲဖြတ်စစ်ဆေးခဲ့သည်။

အဆိုပါ စက်ရုံ ၃ ရုံမှာ Matsuya R & D Myanmar Co.,Ltd, Fuxin Fuyi Industry Co.,Ltd, Bravo International Mfg Co.,Ltd. တို့ဖြစ်သည်။ မင်္ဂလာဒုံမြို့နယ်ရှိ Matsuya R & D Myanmar Co.,Ltd သို့ မတ်လ ၁၃ ရက်တွင်လည်းကောင်း၊ အရှေ့ဒဂုံမြို့နယ်ရှိ Fuxin Fuyi Industry Co.,Ltd မတ်လ ၂၃ ရက် တွင်လည်းကောင်း၊ အရှေ့ဒဂုံမြို့နယ်ရှိ Bravo International Mfg Co.,Ltd မတ်လ ၂၄ ရက်တွင်လည်းကောင်း သွားရောက်စစ်ဆေးခဲ့သည်။

စက်ရုံများတွင် MGMA ၏ Labour Officer မှ VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှု ဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



Fuxin Fuyi Industry Co.,Ltd




Bravo International Mfg Co.,Ltd.




Matsuya R & D Myanmar Co.,Ltd,

# UPCOMING ACTIVITIES

| No. | Description | Date & Time | Venue |
|---|---|---|---|
| 1. | "Week of SCO Textile Traditions" | April 1-15 | Dilli Haat, New Delhi |
| 2. | Exchange meeting of high value added garments with delegates business advisor of India | TBC | TBC |

# MEMBERSHIP UPDATE

New Members in March 2023

| **Country** | **No. of New Member Factories** |
|---|---|
| China | 3 |
| Korea | 1 |
| Myanmar | 1 |
| Total | 5 |

Membership Update as of March 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 68 |
| | China | 306 |
| | Korea | 55 |
| | Japan | 18 |
| | Others | 21 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 50 |
| Total (Active) | | 547 |
| Total (Inactive) | | 255 |
| Grand Total | | 802 |